မှန်ကင်းကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မှန်ကင်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇွန်လ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၄ |
| စကားချီး | ၅ |
| လောဆွန့်မှန်ကင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | **၈** |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၀ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် ၂၉ အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ


**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းမျ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၆၉**

**ကိုးကားစာရင်း ၇၄**
အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊

အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့် ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မှန်ကင်းကျေးရွာ

မိုးညှင်းမြို့နယ်

## မုန်ကင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများ အားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက် များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

လောဆွန့်ရွာသည် အင်္ဂနှောအေစ်ထည်လစ် လောဆွန့်ရွာဆို ဆန်(၈)ရက် ၃ ဆိုသည် လက်ာအရ (၁၁၉၈)၊ဝါဆိုလဆန်(၈)မွန်းလွဲ(၃)နာရီ အချိန်ပေါ် မှိုင်းကြီး ဦး သိန်းထိက ထူထောင်ခဲ့ သောရွာဖြစ်သည်။ ရွာတည်စတွင် မှန်ဆာ(ရွာသာ)ဟု အမည် ခေါ်တွင်ခဲ့သော်လည်းအရက်ချက်တိုင်း(ချဉ်ရေသာ)သာရ၍ မာန်လောစွန် (အရက်ရွာ) ဟုခေါ်တွင်ခဲ့ရာ လယ်လုပ်ရင်း ရွာတည်ခဲ့သည်။ ကင်းစခန်းကို အမှီပြုရင်း မာန်ကင်း

(မှန်ကင်းရွာ)ဟုအမည်တွင်လာခဲ့သည်။ကျေးရွာတွင် ၁၂၆၉ ခုတော်သလင်းလဆန်း ၃ ရက်၂၈ နံနက် ၇နာရီအချိန် စကြာမုနိ ဗုဒ္ဓ ရုပ်ပွားတော်ကို သွန်းလောင်းပြီး ကြေးတန်ချိန်(၅၇၆)ဖိဝင္ဒေသင့်၁၇၂၀/ပျမ်းမျှ လောဆွန့်ဂိုဏ်းအုပ်ဆရာတော် ဦးဝဏ္ဏ ကံဆီးဆရာတော် ဦးပုည၊ တံတားပေါင်းစု လောဆွန့်ရွာ၊ပန်းလားရွာ၊လွဲပေါ်ရွာ၊ချောင်းဝရွာ၊ကုန်းမနရွာ၊နန့်ပတ်ရွာမချောင်းဖျားရွာ၊မိုင်းပုတ်ရွာ၊ဟဲပုရွာ၊မမုံရွာ၊မန့်ဝယ်ရွာ၊ဟွေဖားဆေးရွာ၊ဝေ့ခါရွာ၊မပူးရွာစိုင်လိုင်ရွာ၊လတော်ရွာ၊ဘောနူရွာ၊ကာမိုင်းရွာ၊ကံဆီရွာ ၊ လုံးခင်းရွာ၊ဟိုခါရွာ၊မုဆိုးရွာ၊နန့်မောက်ကံရွာ၌ စာတုန်းပါတကာ ဆရာတစု တိုးချီးမြှင့်လှူဒါန်း အပ်သောကောင်းမှုကို နတ်လူသာခုခေါ်စေသော်ဟူ၍ ကိုးကွယ်တော်မူသောစကြာမုနိဗုဒ္ဓရုပ်ပွား တော်တွင် ကမ္ပည်းတင်လေသည်။ လောဆွန့်မှန်ကင်းကျေးရွာသည်အင်းတော်ကြီးအိုင်၏ အမြောက်ဘက်စွန်းတွင်တည်ရှိပါသည်။ မြေပြန့်ဒ ေသဖြစ်ပြီး အသက်မွေးဝမ်း ကျောင်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း တို့ဖြစ်သည်။ကျေးရွာအနီးတွင် နန့်တိန်းချောင်းတည်ရှိပါသည်။ တောတောင်များလည်းရှိသည်။လယ်ယာမြေများကို စပါးနှင့်မြေပဲကိုလည်း စိုက်ပျိုးပြီး အဓိက အသက်မွေးဝမ်းကျောင်းရန်အဓိကအား ထားရာလည်းဖြစ်သည်။ ချောင်းနှင့်နီးသောကြောင့် ရေကြီးရေလျှံလွှမ်းမိုးမှုအန္တရာယ်များခံစားရပါသည်။သို့သော်ငှာ ထိခိုက်ပျက်စီး မှု အနည်းငယ်မျှသာ ရှိသည်။

## သဘာဝအရင်းအမြစ်များ

လယ်ယာမြေပေါ်များပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ မြေအောက်အသုံးပြုမှုမရှိပါ။ ကျေးရွာတွင် ထွန်ယက်စိုက်ပျိုးနိုင်သည်။မြေဧက(၂၀၁၃)ရှိပါသည်။အဓိက စပါးနှင့်မြေပဲကို စိုက်ပျိုးကြသည်။ မုန့်ညှင်းဆန်ကိုလည်းစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုစုပေါင်း(၂၅၂)စုနှင့်ကျား(၇၃၉)၊မ(၆၉၈) ဦးဖြင့် လူဦးရေပေါင်း (၁၄၃၇)ကျေးရွာ တွင် ရှမ်းနီလူမျိုးများအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၅၈%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၁.၅)%ပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာသာမန်အားဖြင့် ဆင်းရဲချမ်းသာသတ်မှတ်အဆင့်တွင် အိမ်ထောင်စု အဆင့်အဖြစ် ခံယူ ကြပြီး၆.၃%သည်ချမ်းသာသည့်အဆင့်၇၂%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ် ကြသည်။ ကျေးရွာတွင်လယ်ယာမြေ ပိုင်ဆိုင်မှု၊လက်လုမ်းမီမှု၊လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာ စီးပွားရေးအနေအထားမှာအသင့်အတင့် ကောင်းသည်ဟု သတ်မှတ်နိုင်သည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စု အချို့မှာလည်းလက်သမား၊ဆန်စက်၊ဆီစက်၊စက်ပြင်၊ပန်းရံစသောအိမ်တွင်းမှုလုပ်ငန်း များလည်း ဆောင်ရွက်ကြ သည်။ငွေချေးသောအိမ်ထောင်စုအချို့နှင့်အစိုးရဝန်ထမ်း အချို့လည်းငွေရေးကြေးရေး အသင့် အတင့်ရှိသည်။

ဆင်းရဲသောအဆင့်သည် ကျေးရွာတွင် ၁၃.၈%ဖြစ်ပြီး မြေယာအနည်းငယ် ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု(၁၇၂)သော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများ တွင် အလုပ်အကိုင်ရှာဖွေလုပ်ကိုင်နိုင်ကြသည်။ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ

အိမ်ထောင်စုများ၏ ဖြစ်သောလေ့လာဆန်းစစ်မှုအရ ယင်းတို့၏ မှတစ်ပါးထံ မှ ချေးငှားပြီးမှနပ်မှန်အောင် စားသုံးနိုင်ကြောင်း၊ မှာတစ်ပါးသူထံမှ မချေးငှားဘဲ စားသုံးနိုင်ကြသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၃၀၀၀၀ ကျပ်မှ၈၀၀၀၀၀/ထိ တင်ရှိနေကြသည်။အိမ် ထောင်စုအားလုံး၏ ခန့်သည်အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ အသင့်အတင့်ရှိကာမိသားစုဦးရေ များပြားကြသည်။ ကျေးရွာတွင် လူကြီးလူငယ် အချို့မှာ မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်နှင့် အရက်အန္တရာယ်တို့ ရှိတတ် ကြသည်။ ယခုနှစ်တွင် ယာဉ်မတော်တဆမှု အန္တရာယ် ဖြစ်ပွားမှုနည်းပါး သည်။ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိပါ။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့်ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှာ တိုက်နယ်ကျန်းမာရေးဆေးရုံသို့(၁) မိုင်အကွာသာကွာဝေးပြီး စက်လှေ၊နွားလှည်း၊ဆိုင်ကယ်များဖြင့် အလွယ်တကူသွား လာနိုင်ခြင်းဖြင့် ကျန်းမာရေးအတွက် လက်လှမ်းမီမှုရှိသည်။ကျေးရွာတွင် လက်နှိပ် တုံကင်၊အဝီစိတွင်း မြေအောက်ရေ၊တွင်းရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော ၊တိုက်ဖွိုက်၊အစာအိမ်ရောင် စသော ရောဂါဖြစ်ပွားမှုများနည်းပါးကြောင်း တွေ့ရ သည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်းတွေ့ရသည်။ ရွာသားအများစုသည်အခြေခံအရေးအဖတ်၊အတွက်တို့ကိုတတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက်မှာ အသင့်အတင့်များပြားသည်။ ကျေးရွာတွင်အခြေခံပညာရေးကို

ရွာထဲရှိ မူလတန်းကျောင်းတွင် တက် ကြသည်။ကျေးရွာ၏(၁)မိုင်အကွာတွင်ရှိသော အ.ထ.ကချောင်းဝ၌ အလယ်တန်း၊ အထက်တန်း ကျောင်းတို့၌ တက်ရောက်ကြသည်။ အချို့မှာ မိုးညှင်းမြို့၊ဟိုပင်မြို့၊လုံးတုံ၊နန့်မွန်းတို့၌လည်း အထက်တန်းကျောင်းကို သွားရောက်၍ တက်ကြရသည်။သို့သော် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲ ဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ-ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းအရ ကောင်းစွာ သတ်မှတ်ထားရကြသည်။ကျေးရွာတွင်ကျားနှင့်မပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရ။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ကျားလေးအရေအတွက်ထက် သော်လည်း အလယ်တန်း နှင့် အထက်နေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှုတို့မှာ
အလွန်အားနည်းလျှက်ရှိသည်။ကျားမတန်းတူညီမျှမှုနှင့်ပတ်သက်၍အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့်ကျားမတန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါ သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်လူမှုရေးအဖွဲ့အစည်း(၅)ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ မိခင်ကလေးနှင့်အမျိုးသမီးရေးရာအဖွဲ့တို့သည်ကျေးရွာတွင် လှုပ်ရှားမှု

အားနည်းသည်။ကျေးရွာတွင် မြစိမ်းရောင်ကျေးလက်ရန်ပုံငွေရှိသည်။ကျေးရွာတွင်း လည်ပတ်ရန်ပုံငွေမှ ရွာသားများအား အလှည့်ကျစနစ်ဖြင့်အသေးစားချေးငွေဖြင့် မွေးမြူရေးလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်း၊ပြန်ကျလုပ်ငန်း များအတွက် ပြုလုပ်ပေးလျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့ အစည်းများမှာ တစ်ဖွဲ့ နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပတ်သက်၍ အားနည်းနေကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်သင်တန်းများရရှိ နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်မြေပဲကိုအဓိကထားစိုက်ပျိုးကြသည်။ကျေးရွာတွင်မြေ ဧက(၂၀၁၃) ရှိပါသည်။မိုးစပါးပျှမ်းမျှအထွက်မှာ (၈၀)တင်း၊မြေပဲ(၆၀)တင်း၊ မုန့်ညှင်း(၁၅) တင်းနှုန်းတို့ ထွက်ရှိကြ သည်။

တောင်သူလယ်သမားအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက်အလုပ် သမားမလုံ လောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမား များကို ငှားရမ်း ရသောကြောင့်ကုန်ကျစရိတ်မြင့်မားရသည်။အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှု၊ ကုန်ကျစရိတ် မြင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန် စပါး စိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတရံတွင် မိုးရွာ သွန်းမှုမညီမျှမှု ရင်ဆိုင်ရတတ်သည်။ စပါးဖျက်ပိုး များကျရောက်သော အန္တရာယ်ကို ရင်ဆိုင်နေရသဖြင့် တောင်သူအနေဖြင့် ထိရောက်သော ဖျက်ပိုးများကျရောက်သော အန္တရယ်ကို ရင်ဆိုင်နေရသဖြင့် တောင်သူအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်း ရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာတစ်ရွာလုံး၏၂.၁% ဝန်းကျင်သာ ရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ် ထောင်စုလည်း တစ်ရွာလုံး၏ ၆.၁%ခန့်ရှိပြီး ဈေးကွက်ဝယ်လိုအားကောင်းသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများအထူးသဖြင့် ကြက်လည်လိမ် ရောဂါ၊ဝမ်းလျှောရောဂါ၊ ကြက်နာကျရောဂါများ အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။မြို့နယ်မွေးကုဦးစီးမှနည်းပညာပံ့ပိုးခြင်း အားနည်း သောကြောင့်ဖြစ်သည်။ကျေးရွာတွင် မြစ်ချောင်း၊ အင်းအိုင်ပေါများသောကြောင့် ငါး လုပ်ငန်းအတွက်အသင့်အတင့်အဆင်ပြေကောင်းမွန်ကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စား အလုပ် များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ဈေးရောင်း၊အစိုးရလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျှော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်းရွာသားအများစုသည် အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျ ခံရန်နှင့်လုပ်ငန်းထူထောင်ရန် လည်းမတတ်နိုင်ကြချေ။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲစိုက်ခများကို မှီအန္တရာယ်ကျရောက်တတ်သောကြောင့် မှိုသတ်ဆေး၊ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျ ဆင်းနိုင်သည်။တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးကိုသာ အသုံးပြုမှုများလာသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်ခွံ၊ပုလင်းခွံ၊ဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ငွေကို တစ်နှစ်အတိုးနှုန်း(ပြား၄၀)တိုး၊တစ်ဧက ဆယ်ငါးသိန်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် ကျေးလက်ဦးစီးမှ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ သိန်း(၃၀၀)ကို လည်းထုတ်ပေးလျှက်ရှိသည်။အဖွဲ့ဝင်(၇)ဦးဖြင့်ဖွဲ့စည်းထားသည်။အတိုးနှုန်း (၁.၅)နှုန်းဖြင့် ထုတ်ချေးပြီးချေးငွေကို(၇)လအထိချေးယူနိုင်ကြပြီး စည်းကမ်းပိုင်းတွင် အသင့်အတင့်တင်း ရှိသည်။တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးယူသူထံမှ အတိုးနှုန်း(၅)ကျပ်မှ(၁၀)ကျပ်အထိ ချေးယူကြရသည်။ကျေးရွာတွင် တောင်သူလယ်သမားတစ်ဦးလျှင်(၅၀၀၀၀၀) ကျပ်ဖြင့် အတိုးနှုန်း(၁.၅)ကျပ်ကို(၁၂)လအထိချေးယူကြရသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ ပညာရေး)တို့အတွက်ချေးယူကြပြီးကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရသည်။ ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက် အရပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၃၀၀၀၀)ကျပ်မှ (၈၀၀၀၀၀)ကျပ်အထိချေးယူထားကြောင်း သိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား၁၂၀၊အနံ ၂၆ပေ၊၄ ပေအရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့်မြေကြီးပေါ်ကျောင်းတွင် သင်ကြားပေးသည်။ထိုကျောင်းသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ကျောင်းဖြစ်သည်။ကျောင်းတွင် မူလတန်းကျောင်းကို ၁၀၀ပေ၊၃၀ အရွယ်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်းကျောင်းကို ကျေးလက်ဖွံ့ဖြိုးရေးမှ ဆောက်လုပ်ပေးသည်။ကျေးရွာတွင် ပေ၃၀ပေ၊၃၀ပေ မူကြိုကျောင်းလည်းရှိသည်။ ရွာသားများအားလုံးသည်ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏( ၁၁ )%မှာ ဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ကျောင်းတွင် ပရိဘောဂလုံလောက်မှု မရှိပါ။မူလတန်းပြဆရာ/မ( ၆)ဦးတို့ဖြစ်ကြသည်။ကျောင်းဖွင့်ရာသီတွင် မူလတန်း

ကျောင်းများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပေးပို့လျှက်ရှိသည်။

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ကျေးရွာမှ(၁)မိုင်အကွာတွင် တိုက်နယ်ဆ ေးရုံရှိခြင်းကြောင့် ကျန်းမာရေးဝန်ဆောင်မှုနှင့်လက်လှမ်းမီမှုရှိသည်။ လောဆွန့်မှန်ကင်း ကျေးရွာသည် နိုင်ငံတော်မှ ဆိုလာစနစ်ဖြင့် မီးရရှိမှုရှိပါသည်။

သောက်သုံးရေအတွက် တွင်းရေလက်နှိပ်တုံကင်များကို သုံးစွဲကြပြီး လုံလောက်မှုရှိ သည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု အလွန်နည်းပါးပါသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အလွယ်တကူအသုံးပြုနိုင်ကြသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားမှာသီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများအတွက်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေး ပွဲတော် များတွင်လည်း(ရှမ်းနီ)ရိုးရာယဉ်ကျေးမှုအကဖြင့်တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရိက်သသူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း (ရှမ်းနီ)ရိုးရာယဉ်ကျေးမှု အကဖြင့်တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

## (ဇ) အခြေခံ အဆောက်အဦး – လမ်း

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီ၊နွားလှည်းများကိုအသုံးပြုမောင်းနှင်ကြသည်။လမ်းပန်းဆက်သွယ်ရေးအတွက်ဆိုင်ကယ်(၂၁၇) စီးနှင့်စက်ဘီး (၅၁)စီး၊ ထွေလာဂျီ(၁)စီးတို့ကိုအသုံးပြုလျှက်ရှိသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင်

အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီးအခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိသည်။ ကျေးရွာတွင် ရဲစခန်းများမရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏(၅၈)%မှာအလုပ် လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်မှာအသင့်အတင့်ရှိပြီးကျွမ်း ကျင်မှုနှင့် သက်မွေးဝမ်း ကြောင်းသင်တန်းများကို လူငယ်များလေ့ကျင့်သင်ကြားပေး ခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု ၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့် အတင့်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေသည် မြေပြန့်ဒေသဖြစ်သဖြင့် မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။တောင်သူများသည်လယ်ယာထွက်ကုန် များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ခြင်း၊မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီး နှံစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာသည် ဟိုပင်နှင့်မိုးညှင်းမြို့တို့၌ ကား လမ်းဖြင့်ကူးသန်းသွားလာနိုင်သည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ခြင်းမရှိ သဖြင့်ဒေသထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်း ချနိုင်ခြင်း မရှိပါ။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ရှိသော်လည်း ကြက် နှင့်နွားများကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းနည်းပါးသည်။ မွေး/ကုဦးစီးဌာနမှလိုအပ်

သော နည်းပညာပံ့ပိုးမှု အားနည်းနေသောကြောင့် တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုရှိပါသည်။ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုနှင့် အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်အတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် မြေဆီလွှာ အသင့်အတင့်ကောင်းသော လယ်ယာမြေဖြစ်သည်မှာ အပ အခြားသယံဇာတမထွက်ရှိပါ။တိုးချဲ့လယ်ယာမြေများမရှိသဖြင့် အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

ကျေးရွာမှ အိမ်တွင်းမှုထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန် ရရှိရန်အတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင် အိမ်တွင်းမှုကုန်ထုန်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိ ပညာ၊အထိအတွေ့တို့အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအ နေအထား တိုးတက်ရရှိစေမည်။

(က-၂) ကျေးရွာသည် လျှပ်စစ်မီးရရှိမှုနှင့် လမ်းတံတားကောင်းမွန်စေရသည်။

(က-၃) ကျေးရွာသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့်ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရားတိုးတက်စေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိနိုင်ရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်မည်။အရင်းအနှီးရရှိပါက စိုက်/မွေးမြူရေးထွန်းကားလာစေရန် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်။သင်တန်းတက်ရောက်သူသည် ဒေသတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိကိုယ်တိုင်လည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေရမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်မျိုးစုံ၊ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများ တက်ရောက်နိုင်ရန်စီစဉ်ချိတ်ဆက်ပေးမည်။

ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာအခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားပါမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများအကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များတိုးတက်စေရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ပဲပုတ်နှင့်မြေပဲ ကိုလည်း စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရန် လိုအပ်သည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံဖျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်

နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဆောင်ရွက်သင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်ပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည်။ချေးငွေလိုအပ်သည်။

(ဃ) **ကျေးလက်ဒေသအသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးလာနိုင်သည်။အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက်အခွင့်အလမ်းရှိသည်။လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးလာနိုင်သည်။အလား အလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းရရှိရန်အထူးသဖြင့် လူငယ်နှင့်အမျိုးသမီး များအတွက် အခွင့်အလမ်းရှိသည်။လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ ဈေးကွက်၊သတင်းအချက် အလက်များလက်လှမ်းမီမှုနည်းသည်။ကျေးရွာမှအသေးစား လုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များယခုအခါအသင့်အတင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးအထောက်အကူဖွဲ့တစ်ဖွဲ့ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်သည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည် နိုင်စေမည့် ဖော်ထုတ် ထားချက်ဖြစ်သည်။

ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာအဓိက သော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုမှ ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလ ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံနိုင်မှုမရှိပါ။ ငါးနှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများကို လည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်လာပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာ နှင့် ရင်းနှီးမြှုပ်နှံမှုများကို အခြေခံပြီး၊အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification )ဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက်ဆောင်ရွက်ဖွယ်ရာများကိုသိရှိ နားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုး ဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင် ရည်မြင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်း တာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ အစည်း များနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲခဲ့သော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါ မည်။စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျေးရွာအဆောက်အအုံ** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်ရေးလမ်း၊တံတားကောင်းမွန်လာစေရေး | ၁၀၀ | ၁ | – ကျေးရွာတွင်းလမ်းများအားကတ္တရာလမ်း | ကျေးလက် ဦးစီး |
| **လျှပ်စစ်ဓါတ်အားသုံးစွဲရေး** | | | | | ကျေးလက်ဦးစီး |
| လျှပ်စစ်မီးရရှိရေး | ၂။ မဟာဓါတ်အားလိုင်းနှင့်ချိတ်ဆက်ဆောင်ရွက်ရေး | ၉၉ | ၂ | –ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>–မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြခြင်း | |
| **ချေးငွေလက်လှမ်းမီရေး** | | | | | |
| | ၃။ သင့်တင့်သောအတိုးနှုန်း | ၈၅ | ၃ | – ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက် ခြင်း | – |

| | | | | |
|---|---|---|---|---|
| | ဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ရေး | | | – ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>–အတိုးနှုန်း သက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း<br>–ချေးငွေအတွက်လိုအပ်သောအထောက်အထားများပြင်ဆင်ခြင်း |

**စိုက်ပျိုးရေးကဏ္ဍ**

| | | | | |
|---|---|---|---|---|
| အခြေခံအဆောက်အဦးနှင့်နည်းပညာသင်တန်း | ၄။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး | ၆၅ | ၄ | – စိုက်ပျိုးရေးသွင်းအားများဆက်သွယ်မှုရရှိရန်<br>–ဈေးကွက်နှင့်သတင်းချိတ်ဆက်မှု<br>–မျိုးကောင်းမျိုးသန့်နည်းပညာသင်တန်း<br>–စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ)<br>–ဈေးကွက်ဆန်းစစ်ခြင်းနှင့်တန်ဖိုးမြင့်ထုတ်ကုန်ဈေးကွက်သို့တက်လှမ်းခြင်း |

**အခြားဝင်ငွေရလုပ်ငန်းများ**

| | | | | | |
|---|---|---|---|---|---|
| သင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း | ၆။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၄၂ | ၅ | -ဒေသတွင်အသက်မွေးဝမ်းကြောင်းပညာ(အလှပြင်၊စက်၊ဆိုင်ကယ်ပြင်၊ယို၊မုန့်မျိုးစုံ)<br>-Business Development သင်တန်းများနှင့်ဈေးကွက်ဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း<br>-ကုန်ချောထုတ်လုပ်မှုနည်းပညာတိုးတက်ဖွံ့ဖြိုးရေး | ကျေးလက်ဦးစီး |
| **ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၇။ ကျေးရွာ၏သောက်သုံးရေးကိစ္စအဆင်ပြေစေရေး | ၄၀ | ၆ | -ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပုဂ္ဂလိကအလှူရှင်များချိတ်ဆက်ဆောင်ရွက်ခြင်း<br>-ရွာလူထုထံမှ ပူးပေါင်းပါဝင်မှုရယူခြင်း | ကျေးလက်ဦးစီး |
| ***ပညာရေး*** | | | | | |
| ကလေးပညာရေးဖွံ့ဖြိုးရေး | ၈။ ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး | ၃၅ | ၇ | – မိုးရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေသန့်စက်များတပ်ဆင်ပေးခြင်း<br>–ကလေးအားကစားကွင်းတည်ဆောက်ခြင်း | |

## ကျန်းမာရေး

| | | | | |
|---|---|---|---|---|
| ကျန်းမာရေး တိုးတက်လာ စေရေး | ၉။ ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၃၀ | ၈ | – ယင်လုံအိမ်သာများဆောက်လုပ်အသုံးပြုရန် တိုက်တွန်းခြင်း<br>–ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း |
| | မူးယစ်ဆေးဝါးအန္တရာယ် | ၂၈ | ၁၀ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေး ဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်းအားအဆင့်မြှင့်တင်လိုခြင်း | ၁ | —— | | | | |
| ၂။ မဟာဓါတ်အားလိုင်းနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ၂ | —— | —— | | | |
| ၃။ သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့နှင့်ချိတ်ဆက်ခြင်း | ၃ | —— | | | | |
| ၄။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ဗဟုသုတကျွမ်းကျင်မှုများ | ၄ | —— | | | | |
| ၅။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၅ | —— | | | | |
| ၆။ ကျေးရွာ၏သောက်သုံးရေကိစ္စအဆင်ပြေစေရေး | ၆ | —— | | | | |
| ၇။ ကျေးရွာ၏ပညာတတ်မြောက်မှုနှုန်းတိုးတက်စေရေး | ၇ | —— | | | | |
| ၈။ ကျေးရွာ၏ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးရေး | ၈ | —— | | | | |
| ၉။ လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင်ပေးရေး | ၉ | —— | | | | |
| ၁၀။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး | ၁၀ | —— | —— | —— | —— | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏသည် ကျွန်ုပ်တိုး၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အတွက် သက်ဆိုင်ရာအဖွဲ့များနှင့်ဆွေးနွေးတိုင်ပင် ညှိနှိုင်း၍ ရေးဆွဲထားခြင်းဖြစ်သည်။

## စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း( ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ပို့ဆောင်ရေးအခြေခံအဆောက်အဦးတိုးတက်ရေး | | | | | |
| ၂ | မဟာဓါတ်အားလိုင်းနှင့်ချိတ်ဆက်ဆောင်ရွက်ရေး | | | | | |
| ၃ | သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့နှင့်ချိတ်ဆက် | | | | | |
| ၄ | စိုက်ပျိုးရေးနည်းပညာဗဟုသုတကျွမ်းကျင်မှု | | | | | |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | | | | | |
| ၆ | ကျေးရွာသောက်သုံးရေ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | ပညာတတ်မြောက်မှုတိုးတက်ရေး | | | | | |
| ၈ | ကျန်းမာရေးကဏ္ဍတိုးတက် ရေး | | | | | |
| ၉ | လူငယ်များအားစွမ်းရည်မြှင့်တင်ပေးရေး | | | | | |
| ၁၀ | မူးယစ်ဆေးဝါးတိုက်ဖျက်ရေး | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျွန်ုပ်တို့ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစည်းညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်း အသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ

ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊

ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင် ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်း ဆိုင်ရာ ကနဦးသတင်းအချက်အလက် များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါသည်။(၃) လပတ် ကုန်ဆုံး ချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်

ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ထဲမှ ဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်အလက်များအပေါ်ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃) လပတ်ကုန်တွင်ရရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးများသို့ အစီ ရင်ခံပေးပို့ပါမည်။အစီရင်ခံစာ စာမျက်နှာ ၂-၃ ခန့်ပါဝင်၍ အောက်ပါအချက်အလက်များကို အဓိကဖော်ပြထားပါမည်။၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤ နှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သေ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

**ဖိတ်ကြားမည့်အဖွဲ့များမှာ**

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့ အစည်းများ(ငွေကြေးထည့်ဝင်ကြသူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့များသို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်သုံးသပ်ချက်များရယူနိုင်သော အခွင့် အလမ်းများကိုလည်းရရှိပါမည်။ဤ အဆိုပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီ အစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ ၁**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၁ | ၁၅ | ၂၆ | ၁.၈% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက် ကလေးငယ် | ၆၉ | ၅၄ | ၁၂၃ | ၈.၅% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၉၁ | ၅၄ | ၁၄၅ | ၁၀% |

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀၂ | ၉၄ | ၁၉၆ | ၁၃.၆% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂၃ | ၄၁၉ | ၈၄၂ | ၅၈.၆% |
| ၆၀ နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၄၃ | ၆၂ | ၁၀၅ | ၇.၃% |
| **စုစုပေါင်း လူဦးရေ ၁၄၃၇** | | **၇၃၉** | **၆၉၈** | **၁၄၃၇** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု – ၂၅၂** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅.၇%** | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ် ၂၆ ဦး၊ ၅ နှစ်အောက်ကလေးငယ် ၁၂၃ ဦး၊ မူလတန်းကျောင်းသားအရွယ် ၁၄၅ဦး၊ အလယ်တန်းကျောင်းသာအရွယ် ၁၉၆ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်၈၄၂ဦးနှင့် သက်ကြီးရွယ်ကြီး ၁၀၅ ဦးရှိပြီး ကျေးရွာတွင် မှီခိုသူဦးရေထက် အလုပ်လုပ်နိုင်သောဦးရေ ၂၄၇ ဦးပိုများပါသည်။ ကျေးရွာတွင် အိမ်ခြေ ၂၅၂ အိမ်ရှိပြီး တစ်အိမ်လျှင် ပျမ်းမျှလူဦး (၅.၇%) ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| **စ** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | **တွဲဖက်** | **မှတ်ချက်** |
|---|---|---|---|---|

| ဉ | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | လုပ်ကိုင်သူဦးရေ | |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၉ | | ၁၃၈ | ၁၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၉ | | ၁၀ | - | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | ၁၈ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ–လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | | | – | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | | | – | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | – | |
| | အလုပ်သမား၊ ကျပန်း၊ | – | | | – | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | - | - | ၄ | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | | | – | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | – | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | | | – | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၁၄ | | | – | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | – | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | | | – | |
| | **စုစုပေါင်း** | ၂၅၂ | – | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ခြေ ၂၅၂ အိမ်အနက်မှ ၁၀၂ အိမ်မှာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျန်သော အိမ်ထောင်စုများမှာ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း၊ ထုတ်ကုန်လုပ်ငန်း၊ ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး၊လက်လီလက်ကား ရောင်းဝယ်ရေး၊ ပညာရေး နှင့် အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ ဖြစ်ကြပါသည်။**

**(၁.၂.၂)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | – | – | – | – | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ငေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | | ၄၀၀၀ | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများ အတွက်**

လုပ်အားခနှုန်းထားများမှာ ကျား အများဆုံး ၆၀၀၀ကျပ်အနည်းဆုံး ၅၀၀၀ကျပ် မ အများဆုံး ၅၀၀၀ကျပ် အနည်းဆုံး၄၀၀၀ကျပ် ၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်းများအတွက် လုပ်ခနှုန်းထားများမှာ ကျား ၅၀၀၀ကျပ် မ ၄၀၀၀ကျပ် ရရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၀၁၃ | သင့် | မရ | |
| ယာမြေ /တောင်ယာ | ၂၅ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | ၁ | သင့် | မရ | |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား အစင်း | ၂၀၁ | | | |
| စုစုပေါင်း | ၂၂၄၀ | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ (၂) မိုင်အကွာတွင် နန့်တိန်ကွင်းမှ လယ်ဧက (၂၀၀) နီးပါးခန့်အား အသုံးပြုနိုင်သောကြောင့် ဆည် ပြုလုပ်ပေးရန် တင်ပြအပ်ပါသည်။ တစ်နှစ် ပတ်လုံး စိမ့်စမ်းတောင်ကျရေရရှိနိုင်ပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်မျ ား | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝ အရင်းအမြစ်အနေဖြင့် ထင်း၊ မီးသွေးရရှိနိုင်မှု နည်း ပြီး လက်လှမ်းမှီမှု နည်းပါသည်။ သဘာဝပေါက်ပင်အနေဖြင့် အင်၊ ထောက်ကြန့်၊ ဝါး၊ တယော်ပင်၊ သစ်ယာ၊ အင်ကြင်း၊ ရှား စသည်တို့ရှိသော်လည်း တဖြည်းဖြည်းရှားပါးလာသဖြင့် လက်လှမ်းမှီမှု နည်း ပါးသည်။ ရရှိနိုင်မှု ခက်ခဲသည်။

သစ်၊ ဝါးအခြေခံကုန်ချော ထုတ်လုပ်ရန် ကျွမ်းကျင်မှုအားနည်းသည်။ အခြားအရင်းအမြစ်များအနေဖြင့် ဆောက်လုပ်ရေးအတွက် အသုံးဝင် သော သဲ၊ ကျောက်ကို အလုံအလောက် ရရှိနိုင်သည်။ သဘာဝ ဆေးဖက်ဝင်အပင် အနေ ဖြင့် ဝံအူမြစ်၊ သရင်းကြီးမြစ်၊ ဆင်တုံးမနွယ်၊ ရှဥ့်မတက် စသည်တို့ အလုံအလောက်ထွက်ရှိ သော်လည်း ၎င်းသဘာဝအရင်းအမြစ်များကို ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန် ဗဟုသုတနှင့် နည်းပညာအားနည်းနေကြပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ | ၁၀ | ၅ | |
| အိမ်အခြေအနေ | တိုက်အိမ်၊ ပျဉ် | ပျဉ်၊သွပ်မိုး | သွပ်မိုး၊ပျဉ် | ထရံကာ၊ရုံးမိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ ဆန်စက်၊ဆီစက် | ထွန်စက် | | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ ဈေးရောင်း | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု - | ၆၂ | ၅၈ | ၄ | ၁၂၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ပျဉ်အိမ်၊သွပ်မိုး၊ဆန်စက်၊ဆီစက်၊ထွန်စက် စသည်တို့ကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ကြပါသည်။ ဝါးထရံ၊ ရှုံးမိုးတို့ နှင့် ကျပန်းလုပ်ငန်းများကို အလွန်ဆင်းရဲ သော အိမ်ထောင်စု သတ်မှတ်ကြသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၅ လ အထိ | ၆ | | |
| ၆လ မှ ၁၂ လ အထိ | ၃၃ | | |

ရင်းမြစ် .. ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် ၃လနှင့်၆လကြားဖူလုံသည့် အိမ်ထောင်စု ၆ အိမ်ထောင်စုနှင့် ၆လမှ၁၂လထိ ဖူလုံသည့် အိမ်ထောင်စု၃၃ အိမ်ထောင်စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၃၈စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | |
| ၂ | သဘာဝရင်းမြစ် | မြင့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | | |
| ၃ | ရေကြီးခြင်း | လတ် | |
| ၄ | မိုးခေါင်ခြင်း | လတ် | |
| ၅ | အအေးလွန်ကဲခြင်း | | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှေင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် | |
| ၁၃ | တီဘီရောဂါ | လတ် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | လတ် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | မြင့် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲစသည် | မြင့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | အခြား | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊စိုက်ပျိုးရေး) ၊သစ်တောပြုန်းတီးခြင်း၊ငှက်ဖျားရောဂါ၊တိရစ္ဆာန် ကူးစက် ရောဂါကျရောက်မှုနှင့် ဝေးလံခေါင်သီ/လမ်းပန်းဆက် သွယ်ရေးခက်ခဲ စသည်တို့သည် ကျေးရွာ၏ ထိခိုက်လွယ်မှု အခြေအနေမှာ ထိခိုက်လွယ်မှု မြင့်ပါသည်။ စားနပ်ရိက္ခာ မဖူလုံမှု၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊တီဘီရောဂါ၊ ကိုယ်ခံအား ကျဆင်းမှုရောဂါ၊ ပြည်တွင်း ပဋိပက္ခတို့မှာ ထိခိုက်လွယ်မှုလတ်သည်။ကျန်သောအအေးလွန်ကဲခြင်း၊မုန်တိုင်း၊ ငလျင်၊ မီးဘေး၊ ဆားငန်ရေဝင်မြေ၊မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် လူကုန်ကူးခြင်းတို့မှာ ထိခိုက်လွယ်မှုနိမ့်ပါသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ | လတ် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ထူပြောသောဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများဧ ောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင် းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | | |
| ၁၅ | ဆေးစွဲသူများ | မြင့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | |
| ၁ | လှည့်လည်သွားလာ၍ဈေးရောင်း | မြင့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၇ | သူများ | | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | မြင့် | |
| ၂၁ | အခြား | – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမှာ လူငယ်၊လက်လုပ်လက်စားကျပန်း၊ ဆေးစွဲသူများ၊ ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ လှည့်လည်သွားလာ၍ဈေးရောင်းသူများတို့သည် ထိခိုက်လွယ်မှုမြင့်ပါသည်။ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့၊ဆင်းရဲသားတောင်သူ၊ သဘာဝ ဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သာ အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသ တွင် နေထိုင်သူများ ထိခိုက်မှုလတ်သည်။ ကျန်သော ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများမှာ ထိခိုက်မှု နိမ့်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စ | အဖွဲ့အစည်း | အမျိုး | အဖွဲ့ဝင်ဦးရေ | လုပ်ငန်း | ဦးဆော | စွမ်း |
|---|---|---|---|---|---|---|

| ဉ် | အမည် | အစား (၁/၂/ ၃) | ကျာ း | မ | ပေါင် း | တာဝန် | င် ဖွဲ့စည်း သူများ (၄/၅) | ဆောင် နိုင်မှု (၆/၇/ ၈) |
|---|---|---|---|---|---|---|---|---|
| ၁ | အမျိုးသမီး အဖွဲ့ | ၂ | | ၈ | ၈ | | ၄ | သင့် |
| ၂ | လူငယ်အဖွဲ့ | ၂/၃ | ၁၀ | ၂၀ | ၃၀ | | ၄ | သင့် |
| ၃ | လယ်သမား အုပ် | ၁ | ၆ | | ၆ | | ၄ | ကောင် း |
| ၄ | ငွေစုငွေချေး | ၁ | ၇ | | ၇ | | ၄ | သင့် |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။

**ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။**

(၇) **သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။**

(၈) **ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဖွဲ့အစည်း ၄ ဖွဲ့ရှိပါသည်။ လူမှုရေးအခြေခံသော အဖွဲ့၂ဖွဲ့၊ ဘာသာရေးအခြေခံသောအဖွဲ့၁ ဖွဲ့၊ စီးပွားရေး အခြေခံသော အဖွဲ့၂ ဖွဲ့၊ စုစုပေါင်း ၄ ဖွဲ့ရှိပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | တောင်သူသမဝါယမ | ၇ | စိုက်ပျိုးရေး |
| ၂ | အမျိုးသမီးများအဖွဲ့ | ၃ | |
| ၃ | မိခင်နှင့်ကလေး | ၃ | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)**

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၂၈ | ၁၁% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၄ | ၀.၃% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၅၈ | ၃.၆% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၆၂ | ၄.၃% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၅၂ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ ၁၂၈ အိမ်ထောင်စု (၁၁%) ၊ ၂.၅

**ကေနှင့် ၅ ကေအကြားပိုင်ဆိုင်သူ တောင်သူငယ်၄ အိမ်ထောင်စု (၀.၃%)၊ ၅ ကေနှင့် ၁၂.၅ ကေအကြားပိုင်ဆိုင်သူ အလယ်အလတ်စားတောင်သူ ၅၈ အိမ်ထောင် (၃.၆%)နှင့် ၁၂.၅ ကေအထက် ပိုင်ဆိုင်သူ တောင်သူကြီး၆၂ အိမ် (၄.၃%) ရှိသည်ကို တွေ့ရ သည်။ တောင်သူကြီးအရေ အတွက်မှာ၆၂ အိမ် (၄.၃%) သာရှိသော်လည်း စိုက်ပျိုးမြေအများစုကို ၄င်း လူနည်းစုမှ ပိုင်ဆိုင်နေ ကြောင်းတွေ့ရသည်။ ကျန်မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် မိသားစုများမှ ၄င်းတောင်သူကြီးများ၏ စိုက်ပျိုးမြေများတွင် နေ့စား အငှါးလုပ်ကိုင်ကြရ သည်။**

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | မရှိ | | | |
| ၂ | ရေလွှဲဆည် | မရှိ | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | မရှိ | | ✔ | ✔ |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | | ✔ | ✔ |
| ၅ | လက်ငင်ရေတွင်း | ပုဂ္ဂလိက | | ✔ | ✔ |
| ၆ | စိမ့်စမ်းရေ | – | | | |
| ၇ | ချောင်းရေ | – | | ✔ | ✔ |
| ၈ | အခြား | – | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရေအရင်းအမြစ် မှာ ပုဂ္ဂလိက အဝီစိတွင်း၊ ပုဂ္ဂလိက လက်ငင်းရေတွင်း နှင့် မိုးရေများမှသာ ရေးသွင်းနိုင်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁ ကေ | တင်း | ၅၀ | ၈၀ | ၆၅ | ၇ လ | ၁၂ လ | မြင့် | လတ် | |
| ဆီထွက် | ၁ ကေ | တင်း | ၃ | ၅ | ၄ | ၁၀ လ | ၁၂ လ | မြင့် | လတ် | |
| | | | | | | | | | | |
| | | | | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ အဓိက မြေပဲကို စိုက်ပျိုးကြသည်။ တစ်ကေလျှင် အနည်းဆုံး ၃တင်းမှ အများဆုံး ၅ တင်းထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | စက်ကိရိ | မှတ်ချက်/ |
|---|---|---|---|

| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | ယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | အခြေအနေ |
|---|---|---|---|---|---|---|---|
| | | အဝေအတွက် | လယ်သမားဦးရေ | အဝေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | ၆ | - | - | - | - | | |
| **လက်တွန်းထွန်စက်** | ၃၁၉ | - | - | - | - | - | |
| **အစေ့ချ ကိရိယာ** | - | | | | | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | | | | | - | |
| **ရိတ်သိမ်းစက်** | ၁ | | | ၁ | ၁ | - | |
| ခြွေလှေ့စက် | ၁ | - | - | ၃ | ၃ | | |
| ရေစုပ်စက် | ၁ | - | - | ၁ | ၁ | - | |
| ခြေနင်းရေတင်စက် | - | | | | | | |
| **မြက်ရိတ်စက်** | ၁ | | | ၁ | ၁ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက် ၆လုံး၊လက်တွန်းထွန်စက် ၃၁၉ လုံး၊ ရိတ်သိမ်းစက် ၁လုံး၊ခြွေလှေ့စက် ၃ လုံး၊ရေစုပ်စက် ၁လုံးနှင့် မြက်ရိတ်စက် ၁ လုံး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခြေအနေ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ)** | |
| **ရေရင်းမြစ်** | **ချောင်းရေ၊မိုးရေ** |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | **နွားချေး** |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | **အသင့်အတင့်သုံး** |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | **စိုက်ပျိုးရေးဘဏ်မှ ၁ဧက ၁၅၀၀၀၀ကျပ်နှုန်းဖြင့်ချေးပေး၊ သမဝါယမမှ တောင်သူတစ်ဦးလျှင် ၅၀၀၀၀၀ နှုန်းဖြင့်ချေးပေး** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | **နည်းပညာဆိုင်ရာပံ့ပိုးမှုအားနည်း၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုကောင်း** |
| သွင်းအားစုဈေးကွက် | **လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်တွက် သွင်းအားစု ဈေးကွက်မြင့်မား** |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | **ထုတ်လုပ်မှုအားကောင်းသော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်တွက် ထုတ်ကုန်ဈေးနှုန်းကျဆင်း** |
| အခြား | – |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေရင်းမြစ်ရရှိမှုမှာ ချောင်းရေ၊မိုးရေမှသာ ရရှိပါသည်။သဘာဝမြေဆွေး ကို နွားချေးမှ ရရှိပါသည်။ ချေးငွေများမှာ စိုက်ပျိုးရေး ဘဏ်မှ ၁ဧက ၁၀၀၀၀၀ကျပ်နှုန်း ဖြင့်ချေးပေးပြီး၊ သမဝါယမမှ တောင်သူတစ်ဦးလျှင်

၅၀၀၀၀၀၀နှုန်းဖြင့် ဈေးငွေရရှိပါသည်။ နည်းပညာဆိုင်ရာ ပံ့ပိုးမှုအားနည်းသည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှု ကောင်းပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ထည့်တွက်သွင်းအားစု ဈေးကွက်မြင့်မားသည်။ ထုတ်လုပ်မှုအာကောင်း သောလည်း လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက် ထုတ်ကုန်ဈေးနှုန်း ကျဆင်းကြောင်းလေ့လာတွေ့ရှိပါသည်။

**(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **စိုက်ပျိုးမြေတိုးချဲ့နိုင်ရန် စက်ကိရိယာလုံလောက်မှုမရှိ** |
| မြေဆီသြဇာ အခြေအနေ | **မြေသြဇာအခြေအနေအသင့်တင့်ရှိ** |
| ငွေကြေးအရင်းအနှီးရရှိ နိုင်မှု | **ငွေကြေးအရင်းအနှီးရရှိနိုင်မှုနှောင့်နှေး** |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရေးသွင်းအားစုများ၊အချိန်မီ ရရှိအသုံးချနိုင်မှု လုံလောက်မှုမရှိ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | **ကျွမ်းကျင်လုပ်သားရှားပါးမှု ပြဿနာရင်ဆိုင်ဖြေရှင်းရန်ခက်ခဲခြင်း၊ဒေသတွင်းငှားရမ်း၍မရနိုင်ခြင်း** |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **ချောင်းရေမှ မိုးရေတို့သာရရှိခြင်း** |
| စိုက်ပျိုးရေမလုံလောက် မှု | |
| ဖျက်ပိုးနှင့် ရောဂါ | **ပိုးသတ်ဆေးသုံးစွဲရာတွင် ကျွမ်းကျင်မှုမရှိ** |
| ဈေးကွက် လက်လှမ်းမီမှု | **ဈေးကွက်လက်လှမ်းမီမှုဝေးခြင်း** |
| နည်းပညာ | **နည်းပညာအကူညီနှင့်နည်းလမ်းမရှိခြင်း** |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အကူအညီနှင့် နည်းလမ်းများ | |
| **အခြား** | – |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်ရန် စက်ကိရိယာလုံလောက်မှုမရှိပါ။ မြေဩဇာအခြေအနေအသင့်အတင့်ရှိသည်။ ငွေကြေး အရင်းအနှီး ရရှိနိုင်မှုနှောင့်နှေးသည်။ စိုက်ပျိုးရေးသွင်းအားစုများ၊ အချိန်မီရရှိ အသုံးချ နိုင်မှု လုံလောက်မှုမရှိပါ။ ကျွမ်းကျင်လုပ်သားရှားပါးမှု ပြဿနာ ရင်ဆိုင်ဖြေရှင်း ရန် ခက်ခဲခြင်း၊ဒေသတွင်း ငှားရမ်း၍ မရနိုင်မှုများရှိသသည်။ ရေရင်းမြစ် ရရှိနိုင်မှု ချောင်းရေ၊ မိုးရေတို့သာရရှိသည်။ ပိုးသတ်ဆေးသုံးစွဲရာတွင် ကျွမ်းကျင်မှုမရှိပါ။ ဈေးကွက် လက်လှမ်းမှီမှုဝေးခြင်း၊ နည်းပညာ အကူအညီနှင့် နည်းလမ်းများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၁၃၀ | ၇၀၁ | |
| **နို့စားနွား** | | | |
| **မြင်း** | | | |
| **ကျွဲ** | ၁၆ | ၈၃ | |
| မြည်း | – | – | |

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **ကောင်ရေ** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|
| လား | - | - | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၁၇၀ | ၅၅၀ | |
| ကြက် | ၁၆၈ | ၁၅၄၁ | |
| ဘဲ | ၁၀ | ၄၀ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု ၁၃၀ ကောင်ရေ ၇၀၁ကောင်၊ ကျွဲမွေးမြူသည့် အိမ်ထောင်စု ၁၆ စု၊ကောင်ရေ ၈၃ ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု ၁၇၀စု၊ကောင်ရေ ၅၅၀ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု ၁၆၈စု၊ကောင်ရေ ၁၅၄၁ ကောင်နှင့် ဘဲမွေးမြူသည့် အိမ်ထောင်စု ၁၀စု၊ကောင်ရေ ၄၀ကောင် တို့ကို မွေးမြူထားကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **စားကျက်မြေရှားပါးလာသောကြောင့်မွေးမြူသူနည်းပါးလာ** |
| **ရေရရှိမှု** | **မိုးရေ၊ချောင်းရေ** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **မျိုးတိရစ္ဆာန်လက်လှမ်းမီမှုမရှိ** |
| ချေးငွေ | **မွေးမြူရေးပတ်သက်၍ ချေးငွေမရရှိခြင်း** |
| သွင်းအားစုဈေးကွက် | **သွင်းအားစုမရှိ** |
| ဝန်ဆောင်မှုဈေးကွက် | **ဝန်ဆောင်မှုမရှိ** |
| ထုတ်ကုန်ရောင်းဝယ်မှု | **ထုတ်ကုန်ရောင်းဝယ်မှုအသင့်တင့်ရှိ** |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | **အိမ်ခြံဝင်းတွင်းမြေနေရာ အလုံလောက်ရှိသော်လည်း နည်းပညာနှင့်အရင်းနှီး နည်းပါးသောကြောင့်တနိုင်တပိုင်သာမွေးမြူနိုင်** |
| **အခြား** | - |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု** | **မရှိ** |
| **ချေးငွေ** | **မရှိ** |
| **သွင်းအားစု လက်လှမ်းမီမှု** | **မရှိ** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **နည်းပညာအကူညီမရရှိခြင်း သားပေါက်များ၊နည်းပညာ၊ချေးငွေများရှိပါကအောင်မြင်နိုင်** |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
| --- | --- |
| ထုတ်ကုန်ရောင်းဝယ်မှု | **ထုတ်ကုန်ရောင်းဝယ်မှုမရှိ** |
| **အခြား** | – |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စားကျက်မြေ ရှားပါးလာသောကြောင့် မွေးမြူသူနည်းပါးလာသည်။ ရေရရှိမှုမှာ မိုးရေ ချောင်းရေကိုသာအားထားရသည်။ မျိုးတိရစ္ဆာန်လက်လှမ်းမှီမှု မရှိပါ။ မွေးမြူရေး ပတ်သက်၍ ချေးငွေမရရှိခြင်း၊သွင်းအားစုဈေးကွက်၊ ဝန်ဆောင်မှု ဈေးကွက်မရှိပါ။ ထုတ်ကုန်ရောင်းဝယ်မှု အသင့်အတင့်ရှိပါသည်။ အိမ်ခြံဝင်းတွင်း မြေနေရာ အလုံလောက်ရှိသော်လည်း နည်းပညာနှင့် အရင်းနှီးနည်းပါးသောကြောင့် တစ်နိုင်တစ်ပိုင်သာ မွေးမြူနိုင်ကြသည်။ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။**

**(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ချေးငွေရရှိနိုင်မှုမရှိခြင်း |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကူးစက်ရောဂါဖြစ်ပွားမှုအလွန်များ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာအကူညီနှင့်နည်းလမ်းများမရရှိခြင်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လိုင်စင်၊လေလံ လက်လှမ်းမီမှုမရှိ |
| အခြား | – |
| **ငါးလုပ်ငန်း** | |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ဈေးကွက်ရရှိနိုင်မှု | ဈေးကွက်ရရှိနိုင်မှုမရှိ |
| အခြား | – |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးနှင့် ပတ်သက်၍ ဈေးကွက်ရရှိနိုင်မှု မရှိခြင်း၊ကူးစက်ရောဂါဖြစ်ပွားမှု အလွန်များခြင်း၊နည်းပညာအကူအညီနှင့် နည်းလမ်းများ မရရှိခြင်း၊ လိုင်စင်၊ လေလံ လက်လှမ်းမှီမှု မရှိခြင်းနှင့် ဈေးကွက်ရရှိနိုင်မှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

### (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | – | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | - | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | လက်သမား<br>ပန်းရံ | ၅<br>၂ | - | မြင့်<br>မြင့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | စက်ကရိယာ | ၃ | ၂ | မြင့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | အပ်ချုပ် | ၁၀ | - | မြင့် |
